DENVER
PUBLIC HEALTH & ENVIRONMENT

မတ်လ 26 ရက်၊ 2020

မတ်လ 10 ရက်၊ 2020 တွင် Colorado ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယခုအခါ COVID-19 ဟု သတ်မှတ်ထားသည့် နိုဗယ် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့ နှံ့မှု အန္တရာယ်ဖြစ်နိုင်ခြေအတွက်ကြောင့်ဟု ပြည်နယ်အား ကပ်ဘေး အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် သတ်မှတ်သည့် အစိုးရ အမိန့် ထုတ်ပြန်ချက် တစ်စောင်အား ထုတ်ပြန်ကြေငြာခဲ့သည်။

မတ်လ 12 ရက်၊ 2020 တွင် Denver မြို့ တော် နှင့် ကောင်တီ၏ မြို့တော်ဝန်သည် COVID-19 ကူးစက်ပျံ့ နှံ့မှု အန္တရာယ်ဖြစ်နိုင်ခြေအတွက်ကြောင့်ဟု C.R.S. § 24-33.5-701, *et seq.* အရ ပြည်နယ်အား ဒေသခံ ကပ်ဘေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်အဖြစ် ထုတ်ပြန်ကြေငြာခဲ့ပြီး၊ မတ်လ 16 ရက်၊ 2020 တွင် Denver မြို့တော် နှင့် ကောင်တီ၏ မြို့တော်ကောင်စီမှ COVID-19 ကူးစက်ပျံ့ နှံ့မှု အန္တရာယ်ဖြစ်နိုင်ခြေကြောင့်ဟု ၎င်းအရေးပေါ်အခ ခြေအနေအား မေလ 11 ရက်၊ 2020 အထိ တိုးချဲ့ သတ်မှတ်ခဲ့ပေသည်။

မတ်လ 13 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Denver ဌာန ("DDPHE") ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Denver ၏ ပြန်လည်စိစစ်ထား သော မြူနီစီပယ်ကုဒ် ပုဒ်မ 24-16 အရ COVID-19 ကူးစက်ပျံ့ နှံ့မှုအား နည်းနိုင်သမျှအနည်းဆုံး ဖြစ်စေရန်အတွက်ဟု အချို့သော ဝန်ဆောင် ထောက်ပံ့မှု အဆောက်အအ အုံ၊အဖွဲ့ အစည်းများသို့ ဝင်ရောက်မှုအား ကန့်သတ်ခဲ့သည် ("မတ်လ 13 ရက်၊ DDPHE အမိန့်ထုတ်ပြန်ချက်")။

မတ်လ 15 ရက်၊ 2020 တွင် ရောဂါထိန်းချုပ်ရေး စင်တာ ("CDC") သည် COVID-19 ကူးစက်ပျံ့ နှံ့မှုအား နည်းနိုင်သမျှအနည်းဆုံး ဖြစ်စေရန်အတွက်ဟု လူဦးရေ 50 သို့မဟုတ် အထက် စုဝေးသည့် ကြီးမားသော ပွဲအစီအစဉ်များ နှင့် အုပ်စုလိုက် စုဝေးမှုများတို့ကို ရက်သတ္တပတ် ရှစ်ပတ်တာ ဖျက်သိမ်းရန် သို့မဟုတ် ရွှေ့ဆိုင်းထားရန် အကြံပြုထောက်ခံခဲ့သည်။

မတ်လ 16 ရက်၊ 2020 တွင် ပြန်လည်စိစစ်ထားသော မြူနီစီပယ်ကုဒ် ပုဒ်မ 24-16 အရ လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Denver ဌာန၏ အမှုဆောင် ဒါရိုက်တာဖြစ်သူသည် နောက်ထပ်သော လုပ်ရှားဆောင်ရွက်မှုများအား ထပ်မံ ကန့်သတ်ခဲ့ပြီး၊ ဤတွင် စားသောက်ဆိုင်များ၌ အစားအသောက်များ နှင့် ဖျော်ရည် ယာမကာများအား ၎င်းနေရာ၌ပင် ထိုင်၍ သုံးဆောင်ခြင်း၊ ထို့ပြင် မတ်လ 15 ရက်၊ 2020 ၌ CDC ၏ အကြံပြု ထောက်ခံချက်များနှင့် တစ်ညီတည်း ဖြစ်သည့် လူဦးရေ 50 သို့မဟုတ် အထက် အုပ်စုလိုက် စုဝေးမှုများတို့ကို ကန့်သတ်ခြင်း အစရှိသည်တို့ အကန့်အသတ်မရှိ ပါဝင်ပေသည် ("မတ်လ 16 ရက် DDPHE အမိန့်ထုတ်ပြန်ချက်")။

မတ်လ 16 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ မတ်လ 17 ရက်၊ မတ်လ 18 ရက် နှင့် မတ်လ 19 ရက်၊ 2020 နေ့စွဲများတွင် ပြင်ဆင်မှုပြုလုပ်ခဲ့သော လူထုကျန်းမာရေးဆိုင်ရာ အမိန့်ထုတ်ပြချက် 20-22 အားဖြင့် ဘားများ၊ စားသောက်ဆိုင်များ၊ ဇာတ်ရုံများ၊ အားကစားခန်းမများ နှင့် ကာစီနိုများတို့ကို ပိတ်ပစ်စေခဲ့သည် ("မတ်လ 16 ရက်၊ CDPHE အမိန့်ထုတ်ပြန်ချက်")။

မတ်လ 18 ရက်၊ 2020 တွင် Colorado ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် COVID-19 တည်ရှိမှုကြောင့်ဟု Colorado ပြည်နယ်အတွင်းရှိ အများပြည်သူပိုင် နှင့် ပုဂ္ဂလိက မူလတန်း၊ အလယ်တန်း စာသင်ကျောင်းများအားလုံးတွင် ပုံမှန် လူချင်းတွေ့ဆုံ၍ တက်ရောက်သင်ကြားပို့ချမှုများ အားလုံးအား ဆိုင်းငံ့ရန် မှာကြားသော အစိုးရ အမိန့်ထုတ်ပြန်ချက်တစ်စောင်အား ထုတ်ပြန်ခဲ့သည် ("မတ်လ 18 ရက်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး EO")။

မတ်လ 18 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် COVID-19 ဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုအား လျော့နေးသွားစေရန်အတွက်ဟု Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ လူအများ စုဝေးမှုများကို လူ (10) ဦးထက် ပိုမိုကျော်လွန်ခြင်း မရှိစေရန် ကန့်သတ်သည့် လူမှုဆက်ဆံရေး အကွာအဝေးကန့်သတ်မှု တိုင်းတာ ဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် အမိန့်ညွှန်ကြားချက်တစ်ခုအား ထုတ်ပြန်ခဲ့သည် ("မတ်လ 18 ရက်၊ CDPHE အမိန့်ထုတ်ပြန်ချက်")။
မတ်လ 19 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ မရှိမဖြစ် မုချလိုအပ်ခြင်း မဟုတ်သည့် ပုဂ္ဂလိက ဝန်ဆောင်မှု အဖွဲ့အစည်းများ၊ နှင့် ပြေးလမ်းကြောင်း နှင့် ပြေးလမ်းကြောင်းပြင်ပ အနိုင်ရသူဝေစုခွဲသည့် လောင်းကြေးပြိုင်ပွဲများ အစရှိသည်တို့ကို ထည့်သွင်းရန်၊


လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Denver ဌာန
101 W Colfax Ave, Suite 800 ၊ Denver, CO 80202
www.denvergov.org/PublicHealthandEnvironment
ဖုန်း - 720-913-1311 ၊ ဖက်စ် - 720-865-5531 ၊ @DDPHE

အစားအသောက် ဂန်ဆောင်မှုများဆိုင်ရာ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများအား ကင်းလွတ်ခွင့်ပေးရန်၊ ဟိုတယ်အခန်းအတွင်းမှာစားသည့် အစားအသောက် ဂန်ဆောင်မှုများမှလွဲ၍ ဟိုတယ် စားသောက်ဆိုင်များတွင် ထိုင်စားသော အစားအသောက် ဂန်ဆောင်မှုများမှာမူ  ကင်းလွတ်ခွင့်မရှိကြောင်း အတည်ပြုရန်၊ ထို့ပြင် အားကစားခန်းမ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ထည့်သွင်းပေါင်းထည့်ရန် အစရှိသည်တို့အတွက် မတ်လ 16 ရက်၊ CDPHE အမိန့်ထုတ်ပြန်ချက်အား ပြင်ဆင်မှု ပြုလုပ်ခဲ့ပြီး၊ ၎င်း မတ်လ 16 ရက် CDPHE အမိန့်ထုတ်ပြန်ချက်အား ဧပြီလ 30 ရက်၊ 2020 အထိ တိုးမြှင့်ခဲ့သည် (“မတ်လ 19 ရက်၊ CDPHE အမိန့်ထုတ်ပြန်ချက်”)။

မတ်လ 21 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ ၎င်း၏ လူမှုဆက်ဆံရေးဆိုင်ရာ အကွာအဝေးကန့်သတ်မှု အမိန့်ထုတ်ပြန်ချက်အတွင်းမှ ကင်းလွတ်ခွင့် ရရှိထားသော အဆိုပါ လုပ်ရှားဆောင်ရွက်မှုများ နှင့် ဆောင်ရွက်ချက်များတို့ကို ဆက်လက် အတည်ပြု ရှင်းလင်းရန်အတွက်ငှာ မတ်လ 18 ရက်၊ CDPHE အမိန့် ထုတ်ပြန်ချက်အား ပြင်ဆင်ခဲ့သည်။

မတ်လ 22 ရက်၊ 2020 တွင် Colorado ပြည်နယ်၏ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အတွင်း COVID-19 တည်ရှိနေမှုအတွက်ကြောင့်ငှာ အရေးတကြီး လုပ်ဆောင်ရန် မလိုအပ်သည့် လုပ်ငန်းခွင်များအနေနှင့် ၎င်းတို့၏ လူကိုယ်တိုင် လာရောက်လုပ်ကိုင်မှု လုပ်အားအား 50% လျှော့ချရန် နှင့် ဖြစ်နိုင်သမျှ အတတ်နိုင်ဆုံးအတိုင်းအတာအထိ တယ်လီဆက်သွယ်မှုမှတဆင့် လုပ်ငန်း ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစရှိသည်တို့အား မိန့်ကြားထားသည့် အစိုးရ အမိန့်ထုတ်ပြန်ချက် D2020-013 အား ထုတ်ပြန်ခဲ့သည် ("EO D2020-013)။

မတ်လ 22 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ EO D2020-013 ညွှန်ကြားချက်များအတွင်းမှ ကင်းလွတ်ခွင့် ရရှိထားသည့် အရေးကြီးသော အရေးပေါ် ဂန်ထမ်းရေးရာ၊ အခြေခံဖွဲ့စည်းမှု၊ အစိုးရ ဆောင်ရွက်ချက်များ နှင့် အခြားသော လုပ်ရှားဆောင်ရွက်မှုများ အစရှိသည်တို့အား အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အမိန့်ထုတ်ပြန် ချက်တစ်ခုအား ထုတ်ပြန်ခဲ့ပေသည် ("မတ်လ 22 ရက်၊ CDPHE အမိန့်ထုတ်ပြန်ချက်")။

မတ်လ 23 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Denver ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Denver ၏ ပြန်လည်စိစစ်ထားသော မြူနီစီပယ်ကုဒ် ပုဒ်မ 23-16 အရ COVID-19 ကူးစက်ပျံ့ နှံ့မှုအား နည်းနိုင်သမျှအနည်းဆုံးဖြစ်စေရန်အတွက်ငှာ နေအိမ်၌သာနေ ထိုင်ရန် အမိန့်ထုတ်ပြန်ချက်အား ထုတ်ပြန်ခဲ့ပြီး၊ ၎င်းအမိန့်ထုတ်ပြန်ချက်အား အဆိုပါတူညီသော နေ့စွဲ၌ပင် ပြင်ဆင်မှုပြုလုပ်ခဲ့သည် (“မတ်လ 23 ရက်၊ DDPHE အမိန့်ထုတ်ပြန်ချက်”)။

မတ်လ 24 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Denver ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Denver ၏ ပြန်လည်စိစစ်ထားသော မြူနီစီပယ်ကုဒ် ပုဒ်မ 23-16 အရ မတ်လ 23 ရက် DDPHE အမိန့်ထုတ်ပြန်ချက်အပေါ် ပြင်ဆင်ချက်အား ထုတ်ပြန်ကြေငြာခဲ့သည် (“မတ်လ 24 ရက်၊ DDPHE အမိန့် ထုတ်ပြန်ချက်”)။

မတ်လ 25 ရက်၊ 2020 တွင် Colorado ၏ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ပြည်နယ်အတွင်း COVID-19 ရှိနေမှုကြောင့်ငှာ Colorado ပြည်နယ်တွင်နေထိုင်သူများအား နေအိမ်၌သာနေထိုင်ကြရန် ညွှန်ကြားထားပြီး၊ လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှု ဆောင်ဒါရိုက်တာဖြစ်သူအား အစိုးရ အမိန့်ထုတ်ပြန်ချက်အတွင်း ညွှန်ကြားထားသည်များနှင့်တစ်သမတ်တည်းအညီ လူထုကျန်းမာရေးဆိုင်ရာ အမိန့်ထုတ်ပြန်ချက်တစ်ခုအား ထုတ်ပြန်ကြေငြာမှုပြုရန် ညွှန်ကြားထားသည့် အစိုးရ အမိန့်ထုတ်ပြန်ချက် D2020-017 အား ထုတ်ပြန်ကြေငြာခဲ့သည် (“EO D2020-017”)။

မတ်လ 25 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ နေအိမ်၌သာနေထိုင်ရန် စည်းမျဉ်းသတ်မှတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ထားသော အမိန့်ထုတ်ပြန်ချက်တစ်စောင်အား ထုတ်ပြန်ကြေငြာခဲ့သည် (“မတ်လ 25 ရက်၊ CDPHE နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်”)။

မတ်လ 26 ရက်၊ 2020 တွင် လူထုကျန်းမာရေး နှင့် ပတ်ဂန်းကျင်ဆိုင်ရာ Colorado ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Colorado ၏ ပြန်လည်စိစစ်ထားသော ပြဋ္ဌာန်းချက် §§ 25-1.5-101(1)(a) နှင့် 25-1.5-102(1)(a)(I) တို့အရ မတ်လ 25 ရက်၊ CDPHE နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်အပေါ် ပြင်ဆင်ချက်အား ထုတ်ပြန်ကြေငြာခဲ့သည် (“မတ်လ 26 ရက်၊ CDPHE နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်”)။

DDPHE ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူသည် Denver ၏ ပြန်လည်စိစစ်ထားသော မြူနီစီပယ်ကုဒ် ပုဒ်မ 24-16 အရ Colorado ပြည်နယ်၏ မတ်လ 26 ရက်၊ CDPHE နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်အား လက်ခံမွေးစားကျင့်သုံးခြင်းအားဖြင့် ဤတွင် Denver ၏ နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်ဟူ၍ သိရှိထားသော Denver ၏ မတ်လ 24 ရက်၊ DDPHE အမိန့်ထုတ်ပြန်ချက်အား ပြင်ဆင်ခဲ့သည်။

CDPHE မှ နေအိမ်၌သာနေထိုင်ရန်နှင့်ပတ်သက်ပြီး နောက်ဆက်တွဲ အမိန့်ထုတ်ပြန်ချက်များအား ထုတ်ပြန်သမျှ အတိုင်းအတာအထိ ၎င်းတို့အား အလိုအလျောက် လက်ခံ မွေးစားကျင့်သုံးသွားမည် ဖြစ်ပြီး၊ ၎င်းတို့အား ဤအမိန့်ထုတ်ပြန်ချက်အတွင်း ပြင်ဆင်ထည့်သွင်းသွားပေမည်။ ("မတ်လ 26 ရက်၊ DDPHE နေအိမ်၌သာနေထိုင်ရန် အမိန့်ထုတ်ပြန်ချက်")။

Denver ၏ ပြန်လည်စိစစ်ထားသော မြူနီစီပယ်ကုဒ် ပုဒ်မ 24-24 အရ ဤအမိန့်ထုတ်ပြန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော ပုဂ္ဂိုလ်မှန်သမျှသည် ဥပဒေအား မလိုက်နာခြင်းပင် ဖြစ်သည်။ ဤအမိန့်ထုတ်ပြန်ချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူမှန်သမျှသည် ချိုးဖောက်မှု တစ်ခုစီအတွက်လျှင် ဒေါ်လာ ကိုးရာ ကိုးဆယ့် ကိုး ($999.00) ပမာဏအထိသော တရားမမှု ပြစ်ဒဏ်ကြေးများကို ပေးဆောင်ကောင်း ပေးဆောင်ရမည်လည်း ဖြစ်သည်။ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းသော ဆောင်ရွက်ချက်များသည် လိုက်နာဆောင်ရွက်မှုများ မြင့်တက်လာစေရန် ရည်ရွယ်ချက်အတွက် ဖြစ်ပြီး၊ Denver အနေနှင့် တစ်ခု သို့မဟုတ် တစ်ခုထက်မကသော တရားမမှု၊ ပြစ်မှု နှင့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ၊ အခကြေးများ၊ ဒဏ်ကြေးများ၊ ပြစ်ဒဏ်ချမှတ်မှုများ၊ ပြစ်ဒဏ်ပေးမှုများ၊ တရားဆုံးဖြတ်မှုများ နှင့် ဖြေရှင်းမှုနည်းလမ်းများ အစရှိသည်တို့ကို အရေးယူဆောင်ရွက်သွားမည် ဖြစ်ကာ အဆိုပါတို့အား တစ်ပြိုင်တည်းဖြစ်စေ သို့မဟုတ် တစ်ခုပြီးမှတစ်ခုဖြစ်စေ စီရင်ချမှတ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဤအမိန့်ထုတ်ပြန်ချက်အား လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဌာန၏ အမှုဆောင်ဒါရိုက်တာဖြစ်သူမှ စာရေးသားထုတ်ပြန်ကာ သက်တမ်းတိုးချဲ့ ခြင်း၊ ရုတ်သိမ်းခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများတို့ကို ပြုလုပ်သော အခြေအနေမှလွဲ၍ ၎င်းသည် ဧပြီလ 11 ရက်၊ 2020 အထိ ဆက်လက် သက်ရောက်မှုရှိနေမည် ဖြစ်သည်။

ထုတ်ပြန်သူ -



Robert M. McDonald
လူထုကျန်းမာရေးဆိုင်ရာ စီမံအုပ်ချုပ်သူ၊ Denver မြို့တော် နှင့် ကောင်တီ
အမှုဆောင် ဒါရိုက်တာ၊ လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Denver ဌာန


လူထုကျန်းမာရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ Denver ဌာန
101 W Colfax Ave, Suite 800 ၊ Denver, CO 80202
www.denvergov.org/PublicHealthandEnvironment
ဖုန်း - 720-913-1311 ၊ ဖက်စ် - 720-865-5531 ၊ @DDPHE